မိခင်နို့တိုက်ကျွေးသူများနှင့် ရင်ခွင်ပိုက်နို့တိုက်ကျွေးသူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက်

ကလေးမွေးဖွားရန် ပြင်ဆင်သည့်အခါ မိမိ၏ရင်သွေးငယ်အား အစာကျွေးမွေးမည့်နည်းလမ်းကို ရွေးချယ်ရခြင်းသည် မိဘများရင်ဆိုင်ရသည့် အရေးကြီးသော ဆုံးဖြတ်ချက်များအနက် တစ်ခုဖြစ်ပါသည်။ မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းသည် လူအများစုအတွက် အလုံခြုံဆုံးနှင့် ကျန်းမာရေးနှင့် အညီညွတ်ဆုံး ရွေးချယ်မှုဖြစ်ကြောင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူများက သဘောတူညီကြပါသည်။

သင့်တွင် အောက်ပါအခွင့်အရေးများ ရှိသည်-

- မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းနှင့်ပတ်သက်၍ မိမိကိုယ်တိုင် ရွေးချယ်ပိုင်ခွင့်
- မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အချက်အလက်များကို ရယူပိုင်ခွင့်
- သင့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် ကလေးပြုစုစောင့်ရှောက်မှုပေးသူများထံမှ အကူအညီရယူပိုင်ခွင့်

သင်သည် မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းကို ရွေးချယ်သည်ဖြစ်စေ၊ မရွေးချယ်သည်ဖြစ်စေ ဤစာစောင်ပါ အခွင့်အရေးများကို ရရှိခံစားနိုင်ပါသည်။ သင်၏ ငွေပေးချေမှုရင်းမြစ်အပေါ် သို့မဟုတ် အောက်ပါအခြေအနေများအပေါ် မမူတည်ဘဲ သင်သည် ဤအခွင့်အရေးများကို ရရှိနိုင်ပါသည်-

- အသက်အရွယ်၊ လူမျိုး/အသားအရောင်
- နိုင်ငံသားဖြစ်မှု သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအဆင့်အတန်း၊ ဇာတိနိုင်ငံ၊ အယူဝါဒ/ကိုးကွယ်ယုံကြည်မှု
- မသန်စွမ်းမှု၊ ကိုယ်ဝန်ဆောင်ခြင်းဆိုင်ရာ အခြေအနေ
- အိမ်တွင်းအကြမ်းဖက်မှု ခံရသူဖြစ်ခြင်း
- လိင်သက်သေခံ သို့မဟုတ် လိင်ဖော်ပြချက်၊ လိင်၊ လိင်စိတ်တိမ်းညွတ်မှု
- အိမ်ထောင်ရေးအခြေအနေ၊ မိသားစုအခြေအနေ- အိမ်ထောင်ရှိ၊ လူပျို/အပျို၊ ကိုယ်ဝန်ဆောင်၊ ကလေးရှိသူ စသည်ဖြင့်။
- စစ်မှုထမ်းအခြေအနေ
- ဖမ်းဆီးခံရမှု မှတ်တမ်းရာဇဝင်

မီးဖွားသည့် ဆေးရုံများနှင့် မီးဖွားစင်တာများသည် ဤအခွင့်အရေးများအကြောင်း ရှင်းရှင်းလင်းလင်း ရှင်းပြရန်နှင့် လိုအပ်လျှင် စကားပြန်တစ်ဦးစီစဉ်ပေးရန် တာဝန်ရှိပါသည်။ သင်နှင့် သင့်ကလေး၏ ကျန်းမာရေးအတွက် လိုအပ်မှုသာ ဤအခွင့်အရေးများကို ကန့်သတ်ထားနိုင်သည်။ အောက်ပါအခွင့်အရေးတစ်ခုခုသည် ဆေးပညာအရ သင့်အတွက် သို့မဟုတ် သင့်ကလေးအတွက် မသင့်လျော်လျှင် သင့်ကို အချက်အလက်အပြည့်အစုံ အသိပေးမည်။ ရွေးချယ်စရာများနှင့်ပတ်သက်၍ သင့်သဘောထားကိုလည်း မေးမြန်းမည်။

မီးမဖွားမီ-

သင်က နယူးယောက်ပြည်နယ် ဆောင်းပါး 28 မီးမဖွားမီပြုစုစောင့်ရှောက်မှုပေးသူထံတွင် မီးမဖွားမီသင်တန်းများကို တက်ရောက်ပါက ဤအခွင့်အရေးများဆိုင်ရာ ကြေညာချက် (Bill of Rights) ကို ရရှိရမည်ဖြစ်သည်။ ဝန်ဆောင်မှုပေးသူများတွင် မီးဖွားသည့်ဆေးရုံများ၊ မီးဖွားစင်တာများ၊ ဆေးရုံဆေးခန်းများနှင့် ရောဂါရှာဖွေရေး/ကုသရေးစင်တာများ ပါဝင်သည်။

ကြိုတင်စာရင်းသွင်းရာတွင် သို့မဟုတ် ဆေးရုံစာရင်းသွင်းရာတွင် မီးဖွားသည့်ဆေးရုံများနှင့် မီးဖွားစင်တာများသည် လူနာတိုင်း သို့မဟုတ် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ ကိုယ်စားလှယ်တိုင်းကို အောက်ပါနှစ်ခု ပေးအပ်ရမည်။ တစ်ခုသည် အခွင့်အရေးများဆိုင်ရာ ကြေညာချက်ဖြစ်ပြီး နောက်တစ်ခုသည် မိခင်လောင်းများအတွက် အချက်အလက်များစာစောင် ဖြစ်သည်။ ကိုယ်ရေးကိုယ်တာ ကိုယ်စားလှယ်ဆိုသည်မှာ မိမိ၏ကိုယ်စား ဆောင်ရွက်ရန် သို့မဟုတ် ပြောဆိုရန် လူနာက ရွေးချယ်ထားသူ ဖြစ်သည်။

သင်သည် သင်ကိုယ်တိုင်နှင့် သင့်ရင်သွေးအတွက် မှန်ကန်သော အစာကျွေးမွေးခြင်း ရွေးချယ်မှုပြုလုပ်နိုင်ရန် မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများဆိုင်ရာ အချက်အလက်အပြည့်အစုံကို ရယူပိုင်ခွင့်ရှိသည်။

သင်သည် အောက်ပါတို့ပါဝင်သည့် စီးပွားဖြစ် အကျိုးအမြတ်အတွက် မဟုတ်သော အချက်အလက်များကို ရယူပိုင်ခွင့်ရှိသည်-

- မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းသည် သင်နှင့် သင့်ကလေးအတွက် အာဟာရအရ၊ ဆေးပညာအရနှင့် စိတ်ခံစားမှုပိုင်းအရ အကျိုးရှိပုံ
- မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းအတွက် ပြင်ဆင်ပုံနည်းလမ်း
- ရင်ဆိုင်ရနိုင်သော အခက်အခဲအချို့ကို နားလည်စေနည်းနှင့် ယင်းတို့အတွက် ဖြေရှင်းနည်းများ



မီးဖွားသည့်ဆေးရုံ သို့မဟုတ် မီးဖွားစင်တာတွင်-

မီးဖွားသည့်ဆေးရုံ သို့မဟုတ် မီးဖွားစင်တာတွင် ရှိနေသောအခါ သင့်တွင် အောက်ပါအခွင့်အရေးများ ရှိသည်-

- ကလေးမွေးဖွားပြီးပြီးချင်း (ရိုးရိုးမွေးသည်ဖြစ်စေ၊ ခွဲမွေးသည်ဖြစ်စေ) ကလေးကို မိမိနှင့်အတူ ထားရှိခွင့်
- ကလေးကို မိမိ၏ အခန်းထဲတွင် တစ်ရက်လျှင် 24 နာရီပတ်လုံး အတူထားရှိခွင့်
- မွေးဖွားပြီး တစ်နာရီအတွင်း မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်း စတင်ပိုင်ခွင့်
- မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်တွင် သင့်ကလေးကို မိခင်နို့တိုက်ကျွေးခွင့်/ရင်ခွင်ပိုက်နို့တိုက်ကျွေးခွင့်
    - မိခင်နို့တိုက်ကျွေးရန်/ရင်ခွင်ပိုက်နို့တိုက်ကျွေးရန် မဖြစ်နိုင်ပါက သင့်ထံမှ ပန့်ပ်ဖြင့်စုပ်ယူထားသော သို့မဟုတ် ညှစ်ယူထားသောနို့ကို တိုက်ကျွေးနိုင်ရန် အတတ်နိုင်ဆုံး စီစဉ်ပေးရမည်။
- နေ့ည အချိန်မရွေး မိခင်နို့တိုက်ကျွေးခွင့်/ရင်ခွင်ပိုက်နို့တိုက်ကျွေးခွင့်

အကူအညီ သို့မဟုတ် အချက်အလက်များ ရယူခြင်း

သင့်တွင် အောက်ပါအခွင့်အရေးများ ရှိသည်-

- မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်း ပံ့ပိုးမှုအတွက် သင်တန်းတက်ထားသူတစ်ဦးထံမှ အကူအညီရယူခွင့်
- သင့်ကလေးတွင် အထူးလိုအပ်ချက်များရှိလျှင် မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်း ပံ့ပိုးမှုအတွက် အထူးသင်တန်းတက်ထားသူတစ်ဦးထံမှ အကူအညီရယူခွင့်
- မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းအတွက် သင်၏နည်းလမ်းများနှင့်ပတ်သက်၍ အချက်အလက်အပြည့်အစုံကို ရရှိပိုင်ခွင့်နှင့် ပိုမိုကောင်းမွန်သော နည်းလမ်းများအတွက် အကူအညီရယူပိုင်ခွင့်
- နို့ထွက်နှုန်းကို ထိခိုက်သက်ရောက်စေနိုင်သော ဆေးဝါးတစ်ခုခုကို သိရှိပိုင်ခွင့်နှင့် ငြင်းပယ်ပိုင်ခွင့်
- ကလေးအား အစာကျွေးမွေးရေး ဆုံးဖြတ်ချက်တစ်ခုခုကို မချမှတ်မီ သင်၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ကလေးဆရာဝန်) က မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်း မပြုလုပ်ရန် အကြံပေးထားခြင်း ရှိ၊ မရှိ သိပိုင်ခွင့်
- သင် တောင်းဆိုလျှင် မိသားစုဝင် သို့မဟုတ် မိတ်ဆွေတစ်ဦးအနေဖြင့် ဝန်ထမ်းတစ်ဦးထံမှ မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်း ဆိုင်ရာ အချက်အလက်များ သိရှိပိုင်ခွင့်

သင့်တွင် အောက်ပါအခွင့်အရေးများလည်း ရှိသည်-

- ကလေးကို နို့ဘူး မတိုက်ရန် သို့မဟုတ် ချိုလိမ်များ မပေးရန် တောင်းဆိုပိုင်ခွင့်
- သင့်ကလေးကို မိခင်နို့တိုက်ကျွေးနေကြောင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးနေကြောင်းနှင့် နို့ဘူးမတိုက်ရန် နှင့်/သို့မဟုတ် မည်သည့် ချိုလိမ်များ သို့မဟုတ် နို့သီးခေါင်းအတုများကိုမဆို မပေးရန် ရှင်းလင်းစွာ ဖော်ပြထားသည့် သင်္ကေတကို သင့်ကလေး၏ ခုတင်တွင် ချိတ်ဆွဲပိုင်ခွင့်

မှတ်ချက်- ကနဦးမီးဖွားပြီးပြီးချင်း ဆေးရုံတက်ပြီးနောက် သင် သို့မဟုတ် သင့်ကလေးက မီးဖွားသည့်ဆေးရုံသို့ ပြန်တက်ရလျှင် ဆေးရုံက အောက်ပါတို့ကို ပြလုပ်မည်-

- မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းကို ဆက်လက်ကူညီပံ့ပိုးပေးရန် အတတ်နိုင်ဆုံး ကြိုးစားမည်
- ဆေးရုံသုံး လျှပ်စစ်ပန့်ပ်များနှင့် အခန်းတွင်း ပံ့ပိုးမှုအင်္ဂါရုပ်များကို ပေးအပ်မည်။



မီးဖွားသည့်ဆေးရုံ သို့မဟုတ် မီးဖွားစင်တာမှ ဆင်းသောအခါ-

မီးဖွားသည့်ဆေးရုံ သို့မဟုတ် မီးဖွားစင်တာမှ ဆင်းသောအခါ သင့်တွင် အောက်ပါအခွင့်အရေးများ ရှိသည်-

- စီးပွားရေးကြော်ငြာများမပါသည့် ပရဉ်ထုတ်ထားသော သို့မဟုတ် ဒစ်ဂျစ်တယ်နည်းအရဖြစ်သော (အွန်လိုင်း) မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းဆိုင်ရာ အချက်အလက်များ ရရှိပိုင်ခွင့်
- ကလေးနို့မှုန့်များ၊ ကလေးနို့မှုန့်ကူပွန်များ သို့မဟုတ် ကလေးနို့မှုန့် လက်ဆောင်ပစ္စည်းများ ပါဝင်သော ဆေးရုံဆင်းခြင်းဆိုင်ရာ အထုပ်များမပါဘဲ ဆေးရုံဆင်းပိုင်ခွင့်။ သင်က ယင်းပစ္စည်းများကို အထူးတောင်းဆိုမှု

မပြုလုပ်ဘဲ ယင်းတို့က ဆေးရုံတွင် ရှိနေလျှင် ဤအချက်သည် မှန်ကန်ပါသည်


- သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူက ညွှန်ကြားထားပါက အဆိုပါပစ္စည်းများကို သင် ရရှိနိုင်ပါသည်။

- မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အကူအညီပေးသည့် အဖွဲ့များနှင့် နို့စုပ်ပန့်ပ်များ ရရှိနိုင်မှု အပါအဝင် သင်၏လူမှုအသိုင်းအဝိုင်းရှိ မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်းဆိုင်ရာ ရင်းမြစ်များနှင့်ပတ်သက်သော အချက်အလက်များကို ရရှိပိုင်ခွင့်
- သင့်ကလေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတစ်ဦး ရွေးချယ်ရာတွင် အကူအညီဖြစ်စေမည့် အချက်အလက်များကို ဆေးရုံထံမှ ရရှိပိုင်ခွင့်။ နောက်ဆက်တွဲချိန်းဆိုပြသမှု၏ အရေးကြီးပုံအကြောင်း ကူညီရှင်းပြပေးရန် တောင်းဆိုပိုင်ခွင့်လည်း သင့်တွင် ရှိသည်
- သင်၏ မိခင်နို့/ရင်သားမှရသောနို့ကို ဘေးကင်းစွာ ရယူခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာ အချက်အလက်များကို ရရှိပိုင်ခွင့်

သင့်ကလေးကို အစာကျွေးမွေးခြင်း

သင့်တွင် အောက်ပါအခွင့်အရေးများ ရှိသည်-

- သင့်အား ခွင့်ပြုထားသော အများပိုင်နေရာတွင် သို့မဟုတ် ကိုယ်ပိုင်သီးသန့်နေရာတွင် သင့်ကလေးကို မိခင်နို့တိုက်ကျွေးခွင့်/ရင်ခွင်ပိုက်နို့တိုက်ကျွေးခွင့်။ ဤသည်မှာ နယူးယောက် ပြည်သူ့အခွင့်အရေးများဥပဒေ (Civil Rights Law) ၏ ပုဒ်မ 79-e တွင် ပြဋ္ဌာန်းထားသော နယူးယောက်၏ မိခင်နို့တိုက်ကျွေးခြင်းအခွင့်အရေးများဆိုင်ရာ ကာကွယ်ပေးမှုများကြောင့် ဖြစ်သည်။
    - ဤအခွင့်အရေးကို ချိုးဖောက်ခြင်းသည် နယူးယောက် လူ့အခွင့်အရေးဥပဒေ (Human Rights Law) အရ ခွဲခြားဆက်ဆံမှုအဖြစ် သတ်မှတ်ခံရနိုင်သည်၊ အထူးသဖြင့် လိင်နှင့် မိသားစုအခြေအနေ- အိမ်ထောင်ရှိခြင်း သို့မဟုတ် လူပျို/အပျိုဖြစ်ခြင်း၊ ကိုယ်ဝန်ဆောင်ထားခြင်း၊ ကလေးရှိခြင်း စသည်တို့အပေါ် အခြေခံ၍ ခွဲခြားခြင်း ဖြစ်ပါသည်။
- သင်၏ အလုပ်ခွင် သို့မဟုတ် ကလေးပြုစုစောင့်ရှောက်မှုစင်တာ/နေ့ကလေးထိန်းစင်တာတွင် သင့်ကလေးကို မိခင်နို့တိုက်ကျွေးခွင့်/ရင်ခွင်ပိုက်နို့တိုက်ကျွေးခွင့်။ ပတ်ဝန်းကျင်သည် မိခင်နို့တိုက်ကျွေးခြင်း/ရင်ခွင်ပိုက်နို့တိုက်ကျွေးခြင်း သို့မဟုတ် မိခင်နို့/ရင်သားမှရသောနို့ ဖြည့်တင်းပေးခြင်းကို မဟန့်တားရပါ။
- အလုပ်သမားဥပဒေ (Labor Law) ပုဒ်မ 206-c အရ ကလေးမွေးဖွားပြီးနောက် သုံးနှစ်အထိ အလုပ်ခွင်တွင် နို့ညှစ်ရန်အတွက် အခပေးအနားယူချိန် မိနစ် 30 ကို ခံစားရရှိပိုင်ခွင့်။ အနားယူချိန်များသည် လက်ရှိသတ်မှတ်ထားသော အခပေးအနားယူချိန်များ သို့မဟုတ် ထမင်းစားချိန်များအပြင် ထပ်ဆောင်းရရှိမည့် အချိန်ဖြစ်ပါသည်။ နို့ညှစ်ရန်အတွက် မိနစ် 30 ထက်ပို၍ လိုအပ်ပါက အခြားအနားယူချိန်ကို အသုံးပြုနိုင်ပါသည်။
    - အကျိုးအကြောင်းသင့်စွာ သင် အနားယူရန် လိုအပ်သည့် အခါတိုင်း အလုပ်ရှင်သည် သင်၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကျိုးကြောင်းဆီလျော်သော ကြိုးပမ်းအားထုတ်မှုများကို ပြုလုပ်ပေးရမည်ဖြစ်သည်။ ထို့ပြင် နို့ညှစ်ရန်အတွက် သီးသန့်လုံခြုံသောနေရာကိုလည်း စီစဉ်ပေးရမည်။
    - အလုပ်ခွင်တွင် နို့ညှစ်ရန် သင်၏ဆုံးဖြတ်ချက်အပေါ် အခြေခံ၍ အလုပ်ရှင်သည် သင့်အား ခွဲခြားဆက်ဆံခြင်း မပြုရပါ။
    - အလုပ်ရှင်သည် ဤသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှစ်ရပ်အနက် တစ်ခုခုကို ချိုးဖောက်ခြင်း ဖြစ်နိုင်ပါသည်။ အဆိုပါ ဥပဒေများသည် အလုပ်ခွင်အတွင်း လိင်၊ ကိုယ်ဝန်ဆောင်ခြင်းဆိုင်ရာ အခြေအနေများနှင့် မသန်စွမ်းမှုများအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းခံရမှုများမှ ဝန်ထမ်းများကို အကာအကွယ်ပေးထားပါသည်။ ၎င်းတို့သည် နယူးယောက်ပြည်နယ် အလုပ်သမားဥပဒေ (Labor Law) နှင့် နယူးယောက်ပြည်နယ် လူ့အခွင့်အရေးဥပဒေ (Human Rights Law) တို့ ဖြစ်သည်။



ဤသည်မှာ သင့်အခွင့်အရေးများ ဖြစ်သည်။

သင့်အခွင့်အရေးများကို ချိုးဖောက်ခံရသည်ဟု ခံစားရလျှင်-

မီးဖွားသည့်ဆေးရုံ သို့မဟုတ် မီးဖွားစင်တာ က ဤအခွင့်အရေးများကို မလေးမစားပြုလျှင် သင်သည် နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန (Department of Health) ထံ ဆက်သွယ်ခြင်းဖြင့် အကူအညီတောင်းခံနိုင်သည်။

တိုင်ကြားချက်ဖွင့်ရန်-

ဆေးရုံတိုင်ကြားချက်ဖောင်ကို ဖြည့်စွက်ပါ-
apps.health.ny.gov/surveyd8/facility-complaint-form

ဖုန်းခေါ်ပါ- 1-800-804-5447

အီးမေးလ်- hospinfo@health.ny.gov

သင်၏ **အလုပ်ရှင်** က ဤအခွင့်အရေးများကို မလေးမစားပြုလျှင် သင်သည် နယူးယောက်ပြည်နယ် အလုပ်သမားရေးရာဌာန (Department of Labor) ၏ အလုပ်သမားစံနှုန်းများဌာနခွဲ (Division of Labor Standards) ထံ ဆက်သွယ်ခြင်းဖြင့် အကူအညီတောင်းခံနိုင်သည်။

တိုင်ကြားချက်ဖွင့်ရန်-

ဖုန်းခေါ်ပါ- 1-888-52-LABOR (1-888-52-52267)

အီးမေးလ်- LSAsk@labor.ny.gov

ဝင်ကြည့်ပါ- on.ny.gov/breastmilkexpression

နိုင်ငံသားအခွင့်အရေးများဆိုင်ရာ တိုင်ကြားချက်များကို နယူးယောက်ပြည်နယ် လူ့အခွင့်အရေးဌာနခွဲ (Division of Human Rights) သို့ ပေးပို့နိုင်သည် သို့မဟုတ် တရားရုံးတွင် တင်ပြနိုင်သည်။

ခွဲခြားဆက်ဆံမှုကို တိုင်ကြားရန်-

ဖုန်းခေါ်ပါ- 1-844-NYS-DHR1 (1-844-697-3471)

ဝင်ကြည့်ပါ- dhr.ny.gov/complaint

ပြင်ဆင်မွမ်းမံထားသော အခွင့်အရေးများဆိုင်ရာ ကြေညာချက်

2026 ခုနှစ်တွင် ဌာနသည် NYS အလုပ်သမားဥပဒေ ပုဒ်မ 206-c ၏ ပြဋ္ဌာန်းချက်အရ မိခင်နို့တိုက်ကျွေးသော မိခင်များ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက် (Breastfeeding Mothers' Bill of Rights) ကို ပြင်ဆင်မွမ်းမံခဲ့သည်။ ၎င်းသည် အလုပ်ခွင်တွင် နို့ညစ်ရန် အခေပေးနားချိန်များကို ဝန်ထမ်းများအား ပေးအပ်ထားသည်။ ဌာနသည် မိသားစုဖွဲ့စည်းပုံများ၊ လိင်သက်သေခံချက်များနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများ အားလုံးကို အသိအမှတ်ပြုရန်နှင့် လေးစားမှုပြုရန် လိင်သဘာဝအပေါ် အခြေမခံသော အသုံးအနှုန်းများ (ဥပမာ- ရင်ခွင်ပို့ကိုနို့တိုက်ကျွေးခြင်းနှင့် မိဘ) ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

ဤအခွင့်အရေးများဆိုင်ရာ ကြေညာချက်ကို ဖော်ပြပါလင့်ခ်တွင် ဘာသာစကားများစွာဖြင့် ရရှိနိုင်ပါသည်-
health.ny.gov/publications/2028/

NEW YORK STATE | Department of Health